သပြေဝန်းကျေးရွာ

ရဲဘော်ကြီးကျေးရွာအုပ်စု

ကျောက်ဆည်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၁- ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သပြေဝန်းကျေးရွာ၊ ကျောက်ဆည်မြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ

# မာတိကာ


**စဉ်** **အကြောင်းအရာ**

**စကားချီး**

**သပြေဝန်းကျေးရွာ ကျေးရွာသယံဇာတပြန်လည်ပုံ၊ ကျောက်ဆည်မြို့**

**၁ တည်နေရာနှင့် ပထဝီဝင်အနေအထား**

**၂ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

**၃ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**

**၄ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

**၅ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

(ခ ) ကျေးရွာမီးလင်းရေး

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

**၆ ပညာရေး**

**၇ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

**၈ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**၉ ကျား-မရေးရာကိစ္စာရပ်ဆိုင်ရာ**

**၁၀ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁)

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂)

နောကဆက်တွဲ(၆)ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃)

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၁/၂၀၂၂ဘဏ္ဍာရေးနှစ်မှ(၂၀၂၆)ခုနှစ်အထိ(၅)နှစ်အကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူထုအများ စုပေါင်း ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေး အတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးထုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ် ပြီးလုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေ ပြဇယားစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဒီဇင်ဘာလ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သပြေဝန်းကျေးရွာ
ကျောက်ဆည်မြို့နယ်


၁. ကျောက်ဆည်မြို့နယ်၊ ရဲဘော်ကြီးကျေးရွာအုပ်စု၊ သပြေဝန်းကျေးရွာ၏ သယံဇာတပြမြေပုံ


ကျေးရွာနှင့် သယံဇာတပြမြေပုံ
(ကျောက်ဆည်မြို့နယ်၊ ရဲဘော်ကြီးအုပ်စု၊ သပြေဝန်းကျေးရွာ)
မြေယဉ်ကျေးမှုနှင့်ဆက်စပ်သောနေရာများ
ဘုရားကြီးကျောင်း
စေတီ၊ ပုထိုးများ
သုံးရေကန်
ဘောလီးရုက်ခင်း
ဖွားသိမ်၊ ဆိပ်၊
စာသင်ကျောင်း
ရေတွင်း
လူနေအိမ်များ
သစ်ပင်များ
ကုန်းမင်းသိုင်းများ
သောက်ကွင်းများ
မြစ်
ဓိဝင်လမ်းများ
ရေတွေ့နိုင်ခြင်း
ကျွဲ/နွားသောက်သုံးရေကန်
ဓိဝင်လမ်း
ဓိဝင်လမ်း
ဓိဝင်လမ်း

၂. ကျောက်ဆည်မြို့နယ်၊ ရဲဘော်ကြီးကျေးရွာအုပ်စု၊ သပြေဝန်းကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်မြေပုံ



## ၃. ကျောက်ဆည်မြို့နယ်၊ ရဲဘော်ကြီးကျေးရွာအုပ်စု၊ သပြေဝန်းကျေးရွာ၏ Venn Diagram



**၁။ တည်နေရာနှင့် ပထဝီအနေအထား**

သပြေဝန်းကျူးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ရဲဘော်ကြီးကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာအရှေ့ဘက်တွင် ဘုန်းကြီးကျောင်းနှင့် ဘုရားပွဲခင်း တည်ရှိပါသည်။ တောင်ဘက်တွင် စက်ရုံနယ်မြေ၊ အနောက်ဘက်တွင် ရဲဘော်ကြီးကျေးရွာ၊ ယာခင်းများနှင့် မြောက်ဘက်တွင် ကတိုးကျေးရွာနှင့် စွန်ရဲအင်း တည်ရှိပါသည်။ ကျေးရွာတွင်ဗုဒ္ဓဘာသာ လူမျိုးများသာ စုပေါင်းနေထိုင်ကြပါသည်။ သပြေဝန်းကျူးရွာတွင် စေတီပုထိုးများ တည်ရှိပြီး ဓာတ်တော်တောင် ဘုန်းကြီးကျောင်းတွင် တပေါင်းလဆန့်စည် ဘုရားပွဲကျင်းပပါသည်။

**၂။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

ကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ကိုင်း/ကျွန်းမြေဧက(၅၆၆.၅)ဧကရှိပါသည်။ မြေဆီလွှာအရည်အသွေးများ အသင့်အတင့်ကောင်းမွန်ပါသည်။မိုးရာသီတွင် မိုးရေချိန် အသင့်အတင့်ရရှိပါသည်။ တနှစ်ထက်တနှစ် ရာသီဥတု ပြောင်းလဲလာမှုများလည်း ကြုံတွေ့နေရသည်။ ရာသီဥတုမှန်ကန်လာစေရန် သစ်တောများတိုးချဲ့ စိုက်ပျိုးခြင်းများ၊ လုပ်ဆောင်ခြင်းအားဖြင့် ရာသီဥတု ထိန်းသိမ်းနိုင်မည် ဖြစ်ပါသည်။မြေလွတ်မြေလပ်များမရှိပါ။

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**

ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်း (၇)ဖွဲ့ ရှိပြီး အုပ်ချုပ်ရေးအဖွဲ့ (ကျား-၃၂ဦး)၊ ဂေါပကအဖွဲ့ (ကျား-၁၂)ဦး ၊ ကျေးရွာရန်ပုံငွေအဖွဲ့ (ကျား-၁၀၊မ-၂)ဦး၊ အပျိုခေါင်းအဖွဲ့ (မ-၅)ဦး၊ လူပျိုခေါင်းအဖွဲ့(ကျား-၅)ဦး၊ လူငယ် ရန်ပုံငွေအဖွဲ့ (ကျား-၅၊ မ-၈)ဦးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ (ကျား-၈၊ မ-၄)ဦးတို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ကျေးရွာ၏သာရေး/နာရေး လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အားတတ်သရော စုပေါင်းလုပ်ဆောင် နေကြပါသည်။ ကျေရွာတွင် ကျောင်းကော်မတီ၊ မီးကော်မတီနှင့် လမ်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့များ ဖွဲ့စည်းထားပြီး တစ်ဖွဲ့နှင့် တစ်ဖွဲ့စုစုစည်းစည်းညီညာစွာ ကျေးရွာဖွံ့ဖြိုးရေး အတွက် စုပေါင်းလုပ်ဆောင်နေကြပါသည်။ ထို့ပြင်လည်း သပြေဝန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်

နေသောပြင်ပအဖွဲ့ အစည်းများ(၃)ဖွဲ့ရှိပြီး ငွေကြေး ချေးပေးသော အဖွဲ့အစည်းများဖြစ်ပါသည်။ ရွာသူ/သားများအတွက် လိုအပ်သော အရင်းအနှီးများကို ထိုအဖွဲ့(၃) ဖွဲ့မှ ချေးယူရရှိပါသည်။

**၄.။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

**(က)သီးနှံစိုက်ပျိုးရေး**

သပြေဝန်းကျေးရွာတွင် (၁၂.၅)ဧကနှင့်အထက် တောင်သူ(၂)ဦး၊ (၅)ဧကနှင့်(၁၂.၅)ဧကကြား တောင်သူ (၂၆)ဦး၊ (၂.၅)ဧကနှင့်(၅)ဧကကြား တောင်သူ(၆၈)ဦး၊ (၂.၅)ဧကအောက် တောင်သူ (၄၄)ဦး တို့ရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စု (၁၇၀)ဦးသည် ကျပန်းများဖြစ်ပြီး၊ ကျေးရွာ၏ တောင်ယာလုပ်ငန်းများ ပါးချိန်တွင် ပန်းရံလုပ်ငန်းများ လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။

ကျေးရွာ၏စိုက်ပျိုးရေမှာမိုးရေကိုသာအဓိကထားလုပ်ကိုင်ကြပြီး နွေရာသီတွင်တစ်ချို့လယ်ဧကများသည် ဆည်ရေကိုအသုံးပြုကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၇၀)တင်းသာရှိပါသည်။ သပြေဝန်းကျေးရွာတွင် စပါး၊ ကြက်သွန်၊ ငရုတ်နှင့် ကုလားပဲများ စိုက်ပျိုးကြပါသည်။ သီးနှံပေါ်ချိန်တွင် ဈေးကွက် ကောင်းမွန်ရန် လိုအပ်လျက်ရှိပါသည်။ ကျေးရွာတွင်းရှိ လယ်သမား များတွင်တစ်ဦးချင်းပိုင် ထွန်စက် (၅)စီး၊ ခြွေလှေ့စက်(၆၅)ခုနှင့် ရေစုပ်စက် (၈၂)ခု ရှိပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ သြော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစု၊ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း မြို့နယ်အလှမ်းမဝေးသဖြင့် လွယ်ကူစွာဝယ်ယူ ရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့်ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှ တဆင့်ရောင်းချနိုင်ပါသည်။ မိုးစပါးစိုက်ပျိုးရေးတွင် စပါးဖျက်ပိုးနှင့်ဓါတုများ အနည်းငယ်ကျရောက်ပါသည်။ ၎င်းအပြင် မိုးကြီးသည် အခါတွင် စပါးခင်းများအား ရေလွှမ်းမိုးသောကြောင့် လယ်ယာမြေရှိရေများကို ဖောက်ထုတ်ပေးနေရပါသည်။

**(ခ)မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် မွေးမြူရေးနှင့်ပတ်သက်သော နည်းပညာအသိပညာများနည်းပါးသဖြင့်စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်သူမှာမရှိသလောက် နည်းပါးပါသည်။ အနည်းငယ်မွေးမြူသူများမှာလည်း အမြတ်စွန်နည်းပါးသဖြင့်

ပိုမိုကြီးမားအောင်ချဲ့ထွင်၍ မမွေးမြူကြချေ-နွားမွေးမြူထားသည့်အိမ်ထောင်စု(၁၃၈)အိမ်မှ နွား(၃၀၀)ကောင်၊ နို့စားနွားမွေးမြူထားသည့် အိမ်ထောင်စု(၁၅၁)အိမ်မှ နို့စားနွား(၃၅၁)ကောင်၊ မြင်းမွေးမြူထားသည့် အိမ်ထောင်စု (၂) အိမ်မှ မြင်း(၃)ကောင်၊ ဆိတ်မွေးမြူထားသည့် အိမ်ထောင်စု (၉)အိမ်မှ ဆိတ် (၂၈၅)ကောင်၊ ဝက်မွေးမြူ ထားသည့် အိမ်ထောင်စု (၄၄)အိမ်မှ ဝက်(၁၀၂)ကောင် နှင့် ကြက်မွေးမြူထားသည့် အိမ်ထောင်စု (၄၂)အိမ်မှ ကြက်(၁၉၆)ကောင် မွေးမြူထားပါသည်။

**(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာတွင် အသက်မွေးဝမ်းကြောင်း နည်းပညာနှင့်အသေးစား၊ အလတ်စားစီးပွားရေး ဖွံ့ဖြိုးရေး တိုးတက်မှု ဆိုင်ရာဝန်ဆောင်မှုများမရှိ သဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများကျွမ်းကျင် တတ်မြောက်ခြင်း မရှိသောကြောင့် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်တက်သူမှာ နည်းပါးပါသည်။ ပန်းရံလုပ်သူအချို့နှင့် ကျောက်ဆည်စက်မှုဇုံအတွင်း၌ ဝန်ထမ်းအဖြစ်လုပ်ကိုင်သူ အနည်းငယ်သာရှိပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

လယ်သမားများ စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင်း ပုံစံ(၇)ဖြင့်တစ်ဧက လျှင်(၁.၅)သိန်းနှုန်းဖြင့်(၁၀)ဧကအထိလျှင်(၁.၅)သိန်းနှုန်းဖြင့် မိမိဧကရှိသလောက်ချေးယူ စိုက်ပျိုးစရိတ်ပြုလုပ်ကြပါသည်။ကိုယ်ပိုင်ရင်းနှီးငွေဖြင့် စိုက်ပျိုးလုပ်ကိုင်သူမှာ အလွန်နည်းပါးပါသည်။ပြင်ပပုဂ္ဂလိကအသေးစားချေးငွေလုပ်ငန်းစုများမှာလည်းချေးယူ၍ ရင်းနှီးလုပ်ကာစိုက်ပျိုးကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူ များထံမှလည်း တစ်လအတိုးနှုန်း(၈-၁၀)ရာခိုင်နှုန်းအထိ အတိုးပေး၍ချေးယူနေကြရပါသည်။ ထို့ကြောင့်အတိုးနှုန်း သက်သာသော ကာလရှည်ကြာ ချေးငွေများရရှိရန် လိုလားကြပါသည်။

**(၅)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင် ထော်လာကျီမောင်းနှင်ခြင်းဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု အနည်းငယ်ရှိပါသည်။ အများသောအားဖြင့်ကိုယ်ပိုင်ဆိုင်ကယ်များဖြင့်သာ သယ်ယူပို့ဆောင်သွားလာကြပါသည်။ ကျေးရွာတွင် စက်ဘီး(၄၇)စီး၊ မော်တော်ဆိုင်ကယ်(၂၉၅)စီး၊ သုံးဘီးဆိုင်ကယ်(၁)စီး၊ထော်လာကျီ(၄)စီး၊

ကား(၈)စီး၊ မြင်းလှည်း (၂)စီးနှင့် နွားလှည်း (၁၀၈)စီးဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြု နေကြပါသည်။

ကျေးရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်၍ ဗွက်ထခြင်း၊ ဖုန်ထူခြင်းများကို ယခင်က ကြုံတွေ့ခဲ့ရပြီး ယခုအခါတွင် နိုင်ငံတော်မှ ကျပ်သိန်း(၁၀၀)မတည်ပေးသဖြင့် ကျွန်တော်တို့ ကျေးရွာ၏ အလှူငွေနှင့် လုပ်အား များထည့်ဝင်ကာ ကွန်ကရစ်လမ်းအဆင့်မြှင့်တင်နေသဖြင့် သွားရေးလာရေး ပိုမို၍ လွယ်ကူအဆင်ပြေပါသည်။ ကျေးရွာချင်းဆက်လမ်းသည် ကွန်ကရစ်လမ်း ဖြစ်ပါသည်။ သပြေဝန်းကျေးရွာတွင် (၁၂' _၁၆' _ ၈') ကွန်ကရစ် ရေပြွန်(၁)စင်း ရှိပါသည်။

**(ခ)ကျေးရွာမီးလင်းရေး**

ကျေးရွာတွင် မဟာဓါတ်အားလိုင်အား ချိတ်ဆက်၍ ချိတ်ဆက်၍ လျှပ်စစ်မီးအသုံးပြုနေကြသည့် အိမ်ထောင်စု (၂၄၅)စု ရှိပြီး၊ ဆိုလာစနစ်အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေကြသော အိမ်ထောင်စု(၄၅)စုလည်း ရှိပါသည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စု (၂၀)စု ရှိသဖြင့် အိမ်ထောင်စုအားလုံး မီးလင်းနိုင်ရန် လျှပ်စစ်မီတာ လျှောက်ထားဆဲဖြစ်ပြီး မီတာတပ်ဆင်ရန်လိုအပ်နေပါသည်။

**(ဂ)သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၄၆၅)လုံး၊ ရေဒီယို (၄၀)လုံး၊ တီဗွီ(၁၂၄) လုံး၊ ဂြိုလ်တုစလောင်း(၁၂၄)လုံးစသည်တို့မှ ရရှိသည့်အပြင်MPTနှင့် TELENOLဖုန်းတာဝါတိုင်များမှာလည်း ကျေးရွာ တွင်ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာအခက်အခဲများ အထူးတလည်မရှိပါ။

**(ဃ)ပညာရေး**

ကျေးရွာပိုင် သပြေဝန်းမူလွန်ကျောင်းတွင် မူလွန်အဆင့်ပညာရေးကို သင်ကြားနိုင်ပြီး ကျောက်ဆည် မြို့နှင့်နီးသောကြောင့် အလယ်တန်းအဆင့်နှင့်အထက်တန်းအဆင့်များကို ကျောက်ဆည် အထက်တန်းကျောင်း တွင် ဆက်လက်ပညာ သင်ယူကြပါသည်။ တက္ကသိုလ်တက်နေသည့်ကျောင်းသားကျောင်းသူများလည်း

အနည်းငယ်ရှိပါသည်။ မူလတန်းကျောင်းတွင် ကျောင်းဆောင်(၃)ခုပါရှိပြီး (၆၀'_၃၀') (RC) ကွန်ကရစ်တစ်ထပ် အဆောက်အဦးဖြစ်ပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ မရှိပါ။ မူလတန်းဆင့် စာတတ်မြောက်သူမှာ (၅၁) ရာခိုင်နှုန်း အထိရှိခြင်းနှင့်အလယ်တန်းဆင့် စာတတ်မြောက်သူမှာ(၃၃)ရာခိုင်နှုန်း၊ အထက်တန်း အဆင့်စာတတ်မြောက် သူမှာ (၁၁)ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်သူမှာ (၅)ရာခိုင်နှုန်းရှိခြင်းတို့ကြောင့် ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများတွင် လူတော်၊လူကောင်းများစွာရှိနေဖိုလိုအပ်နေပါသည်။ ကျေးရွာတွင် ပညာတက်များ ပေါများမှု ရှိရန် အထူးလိုအပ်ပါသည်။

**(၇) ကျန်းမာရေး နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိလိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသောကြောင့် ကျေးရွာသူ/သားများ ကိုယ်ထူ ကိုယ်ထဖြင့် ကျန်းမာရေး စောင့်ရှောက်မှုဆေးပေးခန်းလေး ဆောင်ရွက်ထားပြီး စမာတိုက်နယ်ဆေးရုံမှ (၁)ပတ်လျှင်(၁)ကြိမ် လာရောက်ကုသပေးလျှက်ရှိပါသည်။ ကျန်းမာရေးနှင့်အရေးပေါ် အခြေအနေများကို ကျောက်ဆည်ဆေးခန်း၊ ဆေးရုံများသို့ ပို့ဆောင်ပေးနေရသဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများ ရှိပါသည်။ ကျေးရွာတွင် သောက်သုံးရေများကို အဝီစိတွင်းများဖြင့် အဓိကထား အသုံးပြုနေကြသောကြောင့် အခက်အခဲမရှိပါ။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စုအများရှိပြီး အိမ်သာမရှိသော အိမ်ထောင်စုအနည်းငယ်ရှိပါသည်။

**(၈)ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများအနည်းငယ်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါကအခြား အိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

ကျေးရွာတွင် ရာသီအလိုက်တုပ်ကွေး၊ ဖျားနာခြင်းများအဖြစ်များပြီး ဌက်ဖျား၊ တီဗွီရောဂါဖြစ်ခြင်းများမရှိပါ။တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွါနာ၊ လျှာနာ၊ ရောဂါနှင့်ကြက်၊ ဝက်၊ တုပ်ကွေး ရောဂါများဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

**(၉)ကျား-မရေးရာကိစ္စာရပ်ဆိုင်ရာ**

ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများအားနည်းကြပါသည်။

## ၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စီမံချက်အမည် | ဦးစားပေးအဆင့် |
|---|---|
| ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းပေးရန် | ၁ |
| ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ပေးရန် | ၂ |
| မြစိမ်းရောင်စီမံကိန်း ချထားပေးရန် | ၃ |
| စာသင်ကျောင်းဆောင်ပြုပြင်ခြင်း | ၄ |
| ကုန်ထုတ်လမ်းဖောက်လုပ်ပေးခြင်း | ၅ |
| ကျေးရွာစာကြည့်တိုက် ချထားပေးရန် | ၆ |
| ရွာလုံးကျွတ်မီးလင်းရေး ဆောင်ရွက်ပေးရန် | ၇ |
| စိုက်ပျိုးရေးအတွက် လုံလောက်စွာရရှိခြင်း | ၈ |

**နောက်ဆက်တွဲ (၁)**

**သပြေဝန်းကျေးရွာ၊ ရဲဘော်ကြီးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမင်းမင်းထွန်း | ဦးညိုစန်း | ၉၁၅၀၆၀၃(နိုင်)ကဆန/ | ၃၁ | ဥက္ကဋ္ဌ | ၀၉၇၆၆၄၁၆၃၅- |
| ၂ | ဦးသန်းလွင် | ဦးဟန်ချို | ၉၀၁၇၃၀၈(နိုင်)စကတ/ | ၅၉ | ဥက္ကဋ္ဌ (ဝယ်ယူရေး) | ၀၉၇၇၈၄၂၉၆၁- |
| ၃ | ဦးငွေလှိုင် | ဦးကျော်ခဲ | ၉၀၅၄၈၉၆(နိုင်)ကဆန/ | ၆၀ | အတွင်းရေးမှူး | ၀၉၇၉၇၁၂၄၁၁၉- |
| ၄ | ဦးညွန့်အောင် | ဦးသာကြိုင် | ၉၀၅၄၃၃၉(နိုင်)ကဆန/ | ၆၆ | စာရင်းကိုင် | ၀၉၇၉၆၄၃၂၇၇- |
| ၅ | ဒေါ်ကျင်မေ | ဦးဘကျော် | ၉၀၅၄၈၀၆(နိုင်)ကဆန/ | ၅၉ | ဘဏ္ဍာရေးမှူး | ၀၉၇၈၇၈၁၅၂၇၀- |
| ၆ | ဒေါ်ထွေးထွေးနိုင် | ဦးလှထွန်း | ၉ ၂၁၉၀၆၁၃(နိုင်)ကဆန/ | ၂၃ | အဖွဲ့ဝင် | ၀၉၇၉၈၅၆၀၅၂- |
| ၇ | ဒေါ်နိုင် | ဦးသော် | ၉၁၁၄၄၉၀(နိုင်)ကဆန/ | ၄၇ | အဖွဲ့ဝင် | ၀၉၇၅၄၉၅၄၆၇၅- |

**နောက်ဆက်တွဲ (၂)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၉ | ၃ | ၁၂ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၄၉ | ၄၄ | ၉၃ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၆၀ | ၅၉ | ၁၁၉ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၅၁ | ၄၅ | ၉၆ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၇၉ | ၃၈၄ | ၇၆၃ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၉ | ၃၉ | ၆၈ | | |
| **စုစုပေါင်း** | | **၅၇၇** | **၅၇၄** | **၁၁၅၁** | | |
| **စုစုပေါင်း အိမ်ထောင်စု** | | **၃၁၀** | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အိမ်ထောင်စု(၃၁၀)စုရှိပါသည်။ လူဦးရေ(၁၁၅၁)ဦးရှိပါသည်။ တစ်နှစ်အောက် နို့စို့အရွယ်(၁၂) ယောက်၊ (၅)နှစ်အောက်(၉၃)ယောက်၊ မူလတန်းအရွယ်(၁၁၉)ယောက်၊ အလယ်တန်းကျောင်းသား အရွယ် (၉၆)ယောက်၊ အလုပ်လုပ် နိုင်သည့်အရွယ်(၇၆၃)ယောက်၊ သက်ကြီးရွယ်ကြီး(၆၈)ယောက် ရှိပါသည်။

တစ်ရွာလုံး လူဦးရေ၏ (၆၄%)သည် အလုပ်လုပ်နိုင်သော လူဦးရေဖြစ်ပါသည်။ ထို့ကြောင့်အလုပ်လုပ်နိုင်သော လူဦးရေများပြားမှု ကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် ကောင်းစွာထောက် ပံ့မှုဖြစ်စေနိုင်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၃၈ | ၂၉၁ | ၅ | ၁၅၆ | ၁၃၅ | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၃၀ | ၂၆၅ | ၇ | ၁၃၁ | ၁၃၄ | - | မြင့် ☑ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၇ | - | ၇ | - | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | ၁ | - | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | ၁ | - | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၁၆ | - | ၆ | ၁၀ | ၂ | မြင့် ☐ လတ်☐နိမ့် ☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | - | ၂ | - | ၆ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | - | ၂ | - | ၇ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | - | ၁ | ၁ | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | - | ၁ | ၂ | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / | - | - | - | - | - | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ရာသီအလိုက်အလုပ်သမား | | | | | | | |
| ၂ခ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | ၁၄ | ၂၁ | - | ၈ | ၁၃ | ၄၉ | မြင့် □ လတ်☑ နိမ့် □ |
| | **စုစုပေါင်း** | **၃၁၀** | **၆၁၁** | **၁၂** | **၃၁၆** | **၂၉၅** | **၆၇** | ☒ |

**ရင်းမြစ်** ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။**"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - "**စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သူဦး(၁၃၈)ဦးရှိပါသည်။ စိုက်ပျိုးရေး နှင့် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များ လုပ်ကိုင်ကြသဖြင့် အခြားအသက်မွေးမှု နည်းပညာ တတ်မြောက်မှု အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးသည်။ တောင်ရာလုပ်ငန်းများ အားလပ်ချိန်တွင် ပန်းရံလုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်သာရှိပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုမရှိပဲ တစ်ပိုင်တစ်နိုင်အိမ်စားရုံမျှသာ မွေးမြူရေးလုပ်ငန်း လုပ်ကိုင် ကြပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၈၀၀၀ | - | ၆၀၀၀ | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | - | ၈၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်**(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×၈)

**လေ့လာတွေ့ရှိချက်။။** စိုက်ပျိုးရေးလုပ်ငန်းအတွက် လုပ်အားခ နှုန်းထားများသည် ယေဘုယျအားဖြင့် ကျေးလက်သတ်မှတ်နှုန်းထားများဖြစ်ကြောင်းတွေ့ရှိရပြီး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မဝင်ငွေ ခြားနားမှု အနည်းငယ်သာရှိပါသည်။ တောင်သူအချင်းချင်း (လက်စား) အပြန်အလှမ်းကူညီ လုပ်ကိုင်ကြသဖြင့် အလုပ်သမား ရှားပါးမှု မရှိပါ။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| **လယ်မြေ** | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | ၅၆၆.၅ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ခနိတောမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ်မြေလပ် | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စုစုပေါင်း | ၅၆၆.၅ | ☒ | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။။။** သပြေဝန်းကျေးရွာတွင် လယ်မြေ(၅၆၆.၅)ဧကရှိပါသည်။ လယ်မြေများဖြစ်သည့်အတွက် စပါးကိုသာ အဓိက စိုက်ပျိုးသော နေရာဖြစ်သည်။ ကြက်သွန်၊ ငရုတ်နှင့် ကုလားပဲကိုလည်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးအသင့်အတင့် ကောင်းမွန်ပါသည်။ သီးနှံများမစိုက်သည့် မြေလွတ်မြေလပ်မရှိပါ။

**(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | | | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ | သင့်☐ | နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☑ | သင့်☐ | နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ | များ ☐ | သင့်☐ | နည်း ☑ | လွယ် ☐ ခက်☐ | လျော့ ☐ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| (နွားစာ၊ဆေးဘက်ဝင်အပင်များ) | မရှိ ☑ | အသုံးမပြုနိုင်ပါ ☐ | အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော - ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းခါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များမရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလု | စီးပွား (ဝင်ငွေ) | စီးပွား (ဝင်ငွေ) | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| ပ်ငန်း | အလွန်ကောင်း | အသင့်အတင့် | | အလွန်နည်း |
| အိမ်ထောင်စု | ၂၈ | ၁၅၅ | ၈၆ | ၄၁ |

**ရင်းမြစ်** ... (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်အဆင်ပြေသော အိမ်ထောင်စုအနည်းငယ်သာ ရှိပြီးကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများလုပ်ကိုင်ကြသည်။ မပြေလည်သောအိမ်ထောင်စုများသည်စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်ဈေးဆိုင် များဖြင်အသက်မွေးဝမ်းကြောင်းပြုကြသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည်ကောက်စိုက်၊ပျိုးနုတ်စသည်ရာသီလိုက်ကြံရာကျပန်းလုပ်ငန်းများဖြင်အသက်မွေးလုပ်ငန်းလုပ်ကိုင်ကြသည်။

**(c) ထိခိုက်လွယ်မှု**

**(c-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____ |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| | | | ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် ဝမ်းစာဖူလုံမှုမရှိသော အိမ်ထောင်စု မရှိပါ။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၁ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများ မရှိပါ။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✔ | | | ✔ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂ | လျှပ်တပြတ်ရေကြီးခြင်း | ✔ | | | ✔ | | |
| ၃ | မုန်တိုင်းဒီရေ | ✔ | | | ✔ | | |
| ၄ | ဆူနာမီ | ✔ | | | ✔ | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✔ | | | ✔ | | |
| ၆ | လေဆင်နာမောင်း | ✔ | | | ✔ | | |
| ၇ | ငလျင် | ✔ | | | ✔ | | |
| ၈ | အပူလွန်ကဲခြင်း | | | ✔ | ✔ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ✔ | | | ✔ | | |
| ၁၀ | အအေးလှိုင်း | ✔ | | | ✔ | | |
| ၁၁ | မိုးသီးကြွေကျမှု | ✔ | | | ✔ | | |
| ၁၂ | မိုးခေါင်ခြင်း | | ✔ | | ✔ | | |
| ၁၃ | တောမီးလောင်ခြင်း | ✔ | - | - | ✔ | - | - |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✔ | - | - | - | - | - |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✔ | - | - | - | - | - |
| ၁၆ | မြေပြိုခြင်း | ✔ | - | - | - | - | - |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✔ | - | - | ✔ | - | - |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | ✔ | - | - | ✔ | - | - |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ✔ | - | - | ✔ | - | - |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✔ | - | - | ✔ | - | - |
| ၂၁ | ၄က်ဖျားရောဂါ | ✔ | - | - | ✔ | - | - |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၂ | တီဘီရောဂါ | ✔ | - | - | ✔ | - | - |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✔ | - | - | ✔ | - | - |
| ၂၄ | ကပ်ရောဂါ | ✔ | - | - | ✔ | - | - |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✔ | - | - | ✔ | - | - |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✔ | - | - | ✔ | - | - |
| ၂၇ | လူကုန်ကူးခြင်း | ✔ | - | - | ✔ | - | - |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | - | ✔ | - | - | - | - |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်

အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ဘေးအန္တရာယ်ကျရောက်ခြင်း အခြေအနေအလွန်နည်းပါသည်။ အပူလွန်ကဲခြင်းနှင့် ရန်ဖန်ရန်ခါ မိုးခေါင်ခြင်းများ ကြုံတွေ့ရပါသည်။

**(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | - | ✔ | - | ✔ | - | - |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | - | - | ✔ | - | ✔ | - |
| ၃ | ဆင်းရဲသားတောင်သူ | - | - | ✔ | - | ✔ | - |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ✔ | - | - | ✔ | - | - |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ✔ | - | - | ✔ | - | - |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ✔ | - | - | ✔ | - | - |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | ✔ | - | - | ✔ | - | - |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✔ | - | - | ✔ | - | - |
| ၉ | ငါးကန်ပိုင်ရှင်များ | ✔ | - | - | ✔ | - | - |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | - | ✔ | - | ✔ | |
| ၁၁ | လူနည်းစုလူမျိုးများ | ✔ | - | - | ✔ | - | - |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | ✔ | - | - | ✔ | - | - |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ✔ | - | - | ✔ | - | - |
| ၁၄ | ရွှေတွင်းလုပ်သားများ | ✔ | - | - | ✔ | - | - |
| ၁၅ | လှည့်လည်သွားလာ၍စျေးရောင်းသူများ | ✔ | - | - | ✔ | - | - |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ✔ | - | - | ✔ | - | - |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | ✔ | - | - | ✔ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | ✔ | - | - | ✔ | - | - |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။**

